# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | |
| | အခန်း (၁) ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း | ၁ |
| ၂။ | သဒိသဒွေဘော် = အက္ခရာတူဆင့်ခြင်း | ၁ |
| ၃။ | အသဒိသဒွေဘော် = အက္ခရာမတူဆင့်ခြင်း | ၃ |
| | အခန်း (၂) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ် ဘာသာရေးလုပ်ငန်းတာဝန်များ | ၉ |
| | အခန်း (၃) ဗုဒ္ဓဝင်အကျဉ်း | ၁၄ |
| ၄။ | ပါရမီဖြည့်ကျင့်ပုံ | ၁၄ |
| ၅။ | ပါရမီ(၁၀)ပါး အပြား(၃၀) | ၁၈ |
| ၆။ | စွန့်ခြင်းကြီး(၅)ပါး | ၁၉ |
| ၇။ | အလောင်းတော်သိဒ္ဓတ္ထမင်းသားဘဝဖြစ်စဉ် | ၂၀ |
| ၈။ | ကြည့်ခြင်းငါးပါး | ၂၀ |
| ၉။ | ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း | ၂၃ |
| ၁၀။ | တပုဿ၊ ဘလ္လိကညီနောင် မုန့်ဆွမ်းဦးလှူရခြင်း | ၂၇ |
| ၁၁။ | ဓမ္မစကြာတရားဦး ဟောတော်မူခြင်း | ၃၀ |
| ၁၂။ | သာသနာပြုစေလွှတ်တော်မူခြင်း | ၃၂ |
| ၁၃။ | ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း | ၃၃ |
| ၁၄။ | ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း | ၃၈ |
| ၁၅။ | ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စငါးပါး | ၄၇ |
| ၁၆။ | သာသနာတော်တိုးတက်ထွန်းကားလာခြင်း | ၅၃ |
| ၁၇။ | မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာ မြို့ရွာဒေသများ | ၅၄ |
| ၁၈။ | မြတ်စွာဘုရား ဝါဆိုစဉ်လင်္ကာ | ၅၅ |
| ၁၉။ | ဘုရားရှင်၏ ပရိနိဗ္ဗာန်အကြိုခရီး | ၅၆ |
| ၂၀။ | မြတ်စွာဘုရားရှင်၏ နောက်ဆုံးနှစ် နောက်ဆုံးခရီး | ၅၈ |
| ၂၁။ | ပရိနိဗ္ဗာန်ပြုတော်မူပြီ | ၆၄ |
| ၂၂။ | ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး | ၆၅ |
| | အခန်း (၄) ဘုရားရှိခိုးခြင်း | ၆၉ |
| ၂၃။ | ကန်တော့ချိုး | ၇၁ |
| ၂၄။ | ဩကာသအဓိပ္ပာယ် | ၇၇ |
| ၂၅။ | ရှစ်ပါးသီလ | ၈၄ |
| ၂၆။ | ကိုးပါးသီလ | ၈၉ |
| ၂၇။ | ဗုဒ္ဓဂုဏ်တော်ကဗျာ | ၉၅ |
| ၂၈။ | တရားဂုဏ်တော်(၆)ပါး ပါဠိ | ၉၅ |
| ၂၉။ | တရားဂုဏ်တော်ကဗျာ | ၉၆ |
| ၃၀။ | သံဃာဂုဏ်တော်ကဗျာ(၉)ပါး ပါဠိ | ၉၇ |

ထိုအခါ လောကဦး ဒီပင်္ကရာမြတ်စွာဘုရား ပွင့်နေပြီး ရမ္မာဝတီနေပြည်တော်သို့ ကြွတော်မူမည်ရှိစဉ် မြို့သူမြို့သားတို့က လမ်းပြင်နေကြ၏။ သုမေဓာရှင်ရသေ့တွေ့လျှင် တစ်နေရာတောင်း၍ လမ်းပြင်နေချိန်မှာပင် ဘုရားရှင် ကြွလာသဖြင့်ကိုယ်ကိုခင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်းလှူခဲ့လေသည်။

ပရိသတ်ထဲတွင် ပါဝင်လာသော သုမိတ္တာအမျိုးသမီးလေးကလည်း ရှင်ရသေ့အပေါ် မေတ္တာသက်ဝင်၍ ပါလာသော ပန်း ၈ ခိုင်အနက် ၅ ခိုင်ကို ပေးလှူ၏။ ဘုရားကြွလာသောအခါ သုမေဓာရှင်ရသေ့က ထိုကြာပန်း ၅ခိုင်ဖြင့်လည်းကောင်း၊ သုမိတ္တာက ကြာပန်း ၃ ခိုင်ဖြင့်လည်းကောင်း ပူဇော်၍ ဘုရားဆုပန်၏။ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား နောင်အခါတွင် ဂေါတမဘုရားရှင် ဖြစ်လိမ့်မည်။ သုမိတ္တာသည် ပါရမီဖြည့်ဖက် ဖြစ်လိမ့်မည်ဟု နိယာတဗျာဒိတ် ပေးတော်မူ၏။

## ပါရမီဖြည့်ကျင့်ပုံ

ဘုရားအလောင်းသည် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ဆင်ခြင်တော်မူသောအခါ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဟူသော ပါရမီဆယ်ပါးတို့ကို တွေ့မြင်တော်မူကာ ဘဝများစွာ ဖြည့်ကျင့်ခဲ့လေသည်။

(၁) မိမိပိုင် သက်ရှိ၊ သက်မဲ့ ပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲလှူဒါန်းမှုကို ဒါနပါရမီဖြည့်ကျင့်ခြင်းဟု ခေါ်၏။ လောကီစည်းစိမ်ကို မတောင့်တဘဲ သတ္တဝါများကို ကယ်မ ရန်

မဟောသဓာဘ၀တွင် ဇမ္ဗူဒိပ်မင်းပေါင်းတစ်ရာကို ဖမ်းပြီး အဆိပ်ခပ်သောအရက်ကိုတိုက်၍ သတ်ဖို့ကြံစည်ထားသော စူဠနီ ဗြဟ္မဒတ်မင်း၏ အကြံကို မိမိဉာဏ်ပညာစွမ်းဖြင့် ပျက်အောင်ဖျက်ခဲ့သည်။ နှစ်နိုင်ငံစစ်ပြေငြိမ်းအောင် ဆောင်ရွက်ခဲ့သည်။

(၅) သတ္တဝါများ ကောင်းစားချမ်းသာရေးအတွက် သက်စွန့်ကြိုးပမ်းအားထုတ်မှုကို ဝီရိယပါရမီဟု ခေါ်၏။ မဟာဇနကမင်းသားဘဝတွင် သင်္ဘောပျက်စဉ်ကာလ (၇)ရက်တိုင်တိုင် ကြိုးစားကူးခတ်ခဲ့သဖြင့် မဏိမေခလာကယ်တင်သူပေါ်လာ၏။ နောင်အခါ ထီးနန်းစည်းစိမ်ကို ရရှိခဲ့၏။ ပြည်သူများအကျိုး ဆောင်ရွက်နိုင်ခဲ့လေသည်။

(၆) လူမိုက်တို့စော်ကားမှုကို တုံ့ပြန်မပြုမူဘဲ ဒေါသမထွက်၊ စိတ်ပျက်အားငယ်မှုမရှိ အနစ်နာခံခြင်းကို ခန္တီပါရမီဖြည့်သည်ဟု ခေါ်၏။ ဘုရားအလောင်း မျောက်မင်းဘဝတွင် ဒေဝဒတ်လောင်းပုဏ္ဏား သစ်ကိုင်းကျိုး၍ ချောက်ထဲကျနေသည်ကို ကျောပိုး ကယ်ထုတ်ခဲ့သည်။ မောပန်း၍ ပုဏ္ဏား ပေါင်ပေါ်ခေါင်းအုံးအိပ် ပျော်သွားစဉ် ပဏ္ဏားမိုက်က သတ်စားရန်အကြံဖြင့် ခဲနှင့်ထုသည်။ ခေါင်းကွဲဒဏ်ရာမှကျသောသွေးစက်များဖြင့် ပုဏ္ဏားကို လမ်းပြကာ ခန္တီပါရမီကို ဖြည့်ကျင့်ခဲ့သည်။

(၇) သူတစ်ပါးကို လိမ်လည်လှည့်ဖြား မပြောကြားဘဲ ပြုနိုင်သလောက်ပြော ပြောသည့်အတိုင်းပြုလုပ်ခြင်း၊ မှန်ရာကိုသာ ပြောဆိုခြင်းသည် သစ္စာပါရမီမည်၏။ မဟာသုတသောမမင်း

ဖြစ်စဉ် လူသားစားပေါရိသာဒ အဖမ်းခံခဲ့ရသည်။ တရားနာရန် ကတိခံခဲ့သဖြင့် ခွင့်ပန်၍ပြန်ခဲ့သည်။ တရားနာပြီးသောအခါ သတ်တော့မည်ကိုသိလျက်နှင့် သစ္စာမဖျက်ဘဲ ရဲဝံ့စွာ ဘီလူးထံ ပြန်ခဲ့သည်။ ဘီလူးထိတ်လန့်သဖြင့် တရားစကားပြောကြားရာမှ မင်းအားလုံးလည်းလွတ်၊ ပေါရိသာဒလည်း ကျွတ်ကာ မင်းဘဝကို ပြန်လည်ရခဲ့သည်။

(၈) ဒါနစသော ပါရမီကောင်းမှုများကို သတ်မှတ်ထားသည့်အတိုင်း မပျက်မကွက် စွဲစွဲမြဲမြဲအောင်မြင်ပြီးမြောက်အောင် ပြုလုပ်မည်ဟု စိတ်ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်ထားသည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန်ပါရမီ ဖြည့်သည်ဟု ခေါ်၏။ တေမိယမင်းသား ဖြစ်စဉ် ဘုရင်လုပ်ရန် ထိတ်လန့်နေချိန်တွင်ထီးချက်စောင့် နတ်သမီးသည့်အကြံအတိုင်း ဆွံ့၊အ၊နားမကြားယောင်ဆောင် မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ ၁၆ နှစ်သားထိ နည်းမျိုးစုံဖြင့် အနုအကြမ်း စမ်းသပ်မှုကို ကြံ့ကြံ့ခံကာ အဓိဋ္ဌာန်ပါရမီဖြည့် ခဲ့သည်။ ဖခင်က သတ်ရန် တောသို့ပို့သောအခါမှ အားစွမ်း ပြကာ ဝမ်းသာရွှင်ပြ ရသေ့ဘဝသို့ ဝင်ရောက်ခဲ့သည်။

(၉) သူတစ်ဘက်သား ကြီးပွားချမ်းသာစေလိုသော စိတ်အားသည် မေတ္တာမည်၏။ မိမိအပေါ် မတော်မတရားပြုမူသူကို မေတ္တာ စိတ်ဖြင့် အပြစ်မရှုဘဲ သူ့ကောင်းကျိုးကို ဆောင်ရွက်ခြင်းကို မေတ္တာ ပါရမီ ဖြည့်သည်ဟုဆို၏။ သုဝဏ္ဏသာမရသေ့ဘဝတွင် ပီဠိယက္ခမင်းက မြှားဖြင့်ပစ်သတ်ခဲ့သည်ကိုပင် အပြစ်မတင် ချစ်ခင် မပျက်ခဲ့ပေ။ မေတ္တာသစ္စာတန်ခိုးကြောင့် အသက်မသေ ဘဲ မိဘများလည်း မျက်စိမြင်ခဲ့ကြလေသည်။

(၁၀) သူတစ်ဖက်သားအား မုန်းလည်းမမုန်း၊ ချစ်လည်းမချစ်၊ ဆိုးသူ ကောင်းသူတို့အပေါ် ဘက်မလိုက် မျှမျှတတ အလယ်အလတ် တည့်မတ်သောစိတ်ထားဖြင့် နေခြင်းကို ဥပေက္ခာပါရမီဖြည့်သည်၊ လျှစ်လျူရှုသည်ဟု ခေါ်၏။ လောမဟံသဘဝတွင် ဘုရားအလောင်းသည် မိဘတို့ ကွယ်လွန်သောအခါ ဥစ္စာပစ္စည်းများကိုစွန့်၍ အဝတ်တစ်ထည်ဖြင့် လှည့်လည်နေ၏။ မိမိကို လေးစားကြည်ညိုသူတို့ထံ ကြာကြာမနေပေ။ ရွာတစ်ရွာသို့ ရောက်သောအခါ လူအများတို့က ပြက်ရယ်ပြောင်လှောင် တံတွေးဖြင့်ထွေးကြသည်ကို စိတ်မဆိုး၊ နောင်အခါ ထိုသူတို့က ပူဇော်ကြသောအခါ၌လည်း ချစ်ခင်မှုမရှိ၊ မိမိစိတ်ကို တသမတ်တည်း ဖြောင့်ဖြောင့်ထားကာ ပါရမီဖြည့်ခဲ့သည်။

**ပါရမီ (၁၀) ပါး အပြား (၃၀)**

ဒါနစသောပါရမီ (၁၀) ပါးကို-

(က) ရိုးရိုးဖြည့်ကျင့်လျှင် ပါရမီဟုခေါ်၏။

(ခ) ကိုယ်လက်အင်္ဂါစွန့်၍ဖြည့်ကျင့်လျှင် ဥပပါရမီဟု ခေါ်၏။

(ဂ) အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင်မူ ပရမတ္ထပါရမီဟု ခေါ်၏။

ပါရမီတစ်ပါးတစ်ပါးလျှင် အနုအရင့်ဖြည့်ကျင့်ပုံ သုံးမျိုးစီကွဲပြားသဖြင့် ပါရမီ (၁၀) ပါး အပြား (၃၀) ဟု ခေါ်သည်။ ဘုရားအလောင်းတော်သည် ထိုပါရမီတို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ကျင့်ခဲ့ရာ ဝေဿန္တရာမင်းဘဝ၌ ပါရမီတော်အားလုံးပြီးပြည့်စုံခဲ့လေသည်။

ဘုရားအလောင်းတော်သည် ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ ကာယ၊ဉာဏ၊ဓန စသည်တို့ကိုအတုမရှိစွန့်ခဲ့၍ နောက်ဆုံးဘဝ၌ အတုမရှိအောင်မြင်ခြင်းဖြစ်သော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်ခဲ့လေသည်။ ဤဉာဏ်တော်မြတ်ဖြင့် သတ္တဝါအများကောင်းစားချမ်းသာရေးကို ဆောင်ရွက်ပေးတော်မူခဲ့လေသည်။ အတုမရှိ စွန့်လွှတ်နိုင်ခဲ့သဖြင့် လောကတွင် အတုမရှိ၊ အတူမရှိ အထွတ်အထိပ် ပြည့်စုံသူ ဖြစ်ရလေသည်။

## အလောင်းတော်သိဒ္ဓတ္ထမင်းသားဘဝဖြစ်စဉ်

ဒီပင်္ကရာစသော (၂၃) ဆူသောဘုရားရှင်တို့ထံ ဗျာဒိတ်ခံပါရမီဖြည့်ခဲ့ရာ ဝေဿန္တရာဘဝတွင် လုံးဝပြည့်စုံပေပြီ။ထို့နောက် တုသိတာနတ်ပြည်ဝယ် သေတကေတုနတ်သားဖြစ်၍ နတ်စည်းစိမ်ခံစား၏။ စကြဝဠာပေါင်းတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့ တောင်းပန်မှုကြောင့် ကြည့်ခြင်းကြီးငါးပါးကြည့်ကာ လူ့ပြည်၌ ပဋိသန္ဓေနေရန် ဝန်ခံလေသည်။

## ကြည့်ခြင်းကြီးငါးပါး

(၁) ကာလ (အခါကာလ)- လူ့သက်တမ်း ၁၀၀ နှင့် တစ်သိန်းတန်း ကြားတွင်သာ ဘုရားရှင်တို့ ပွင့်ရိုးအချိန်ဖြစ်သည်။
(၂) ဒီပ (ကျွန်း)- ဇမ္ဗူဒီပတောင်ကျွန်း၌သာ ပွင့်ရိုးဖြစ်၏။
(၃) ဒေသ (အရပ်)- မဇ္ဈိမဒေသ၌သာ ပွင့်ရိုးဖြစ်၏။
(၄) ကုလ (အမျိုး)- ခတ္တိယ (မင်းမျိုး)နှင့် ဗြာဟ္မဏ (ပုဏ္ဏားမျိုး)တို့၌သာ ဖြစ်ရိုးရှိ၏။

၏။ သိကြားမင်းက ရတနာပန်းကလပ်ဖြင့်ခံယူကာ သာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီတော်တည်၍ ကိုးကွယ်၏။ ဃဋီကာရ ဗြဟ္မာမင်းလှူသော သပိတ်၊ သင်္ကန်း၊ ပရိက္ခရာကို ခံယူတော်မူကာ ရဟန်းပြုလေသည်။ ဝတ်လဲတော်များကို ယူဆောင်သွားပြီး ဗြဟ္မာပြည်၌ ဒုဿစေတီတည်ထားကိုးကွယ်လေသည်။ ဆန္ဒအမတ်ကို နန်းတော်သို့ပြန်လွှတ်ရာ ကဏ္ဍကမြင်းတော်သည် မြစ်တစ်ဘက်ကမ်း အရောက်တွင် ရင်ကွဲနာကျ၍ သေဆုံးခဲ့သည်။ တစ်နန်းတော်လုံးယူကြုံး မရ ငိုကြွေးကြကုန်၏။

ရဟန်းပြုပြီးသောအခါ ဘုရားအလောင်းတော်သည် အနော်မာ မြစ်အနီး အနုပိယသရက်တော၌ (၇)ရက်မျှနေပြီး ရာဇဂြိုဟ်မြို့သို့ကြွ တော်မူကာ ဆွမ်းခံဝင်၏။ ချောမောသပ္ပာယ်လွန်းလှသော ဘုရား အလောင်းရဟန်းကိုမြို့သားတို့ ငေးမောကြည့်ရှုကြကုန်၏။ ဗိမ္ဗိသာရ မင်းကြီးကြားသိ၍ လိုက်လာကာ ပဏ္ဍဝတောင်ခြေ၌ ဆွမ်းဘုန်းပေးနေ သော ဘုရားအလောင်းအားကြည်ညိုလှသဖြင့် ထီးနန်းခွဲဝေလှူဒါန်း၏။ ဘုရားအလောင်းကငြင်းပယ်သဖြင့် ဘုရားဖြစ်သောအခါ မိမိနိုင်ငံသို့ ဦးစွာကြွရောက်ပါရန် လျှောက်ထားလေသည်။

## ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်မှ တောင်အရပ်ရှိ တောအုပ်ကြီးသို့ ထွက်ခွာကာ အာဠာရနှင့် ဥဒကရသေ့ကြီးတို့ထံ နည်းခံပြီး တရားအားထုတ်ရာ လောကီစျာန်သမာပတ်တရားတို့ကို ရရှိတော်မူသည်။ ဂိုဏ်းဆရာကြီးအရာပေးအပ်သည်ကို ငြင်းပယ်ကာ လောကီစျာန်သည် သဗ္ဗညုတဉာဏ်ရရှိသောလမ်းစဉ်မဟုတ်ဟု ဆုံး ဖြတ်ပြီး ဥရုဝေလတောအုပ်သို့ကြွတော်မူ၏။

ခေါင်းခေါင်းပါးပါး ပြင်းပြင်းထန်ထန်ခြိုးခြံကျင့်နိုင်မှ တရားထူးရမည်ဟူသော်အတွေးအခေါ်များ လွှမ်းမိုးနေသောခေတ်ဖြစ်၍ အလောင်းတော်သည် ဥရုဝေလတော၌ ဒုက္ကရစရိယာခေါ် သာမန်လူတို့ ကျင့်ကြံနိုင်ခဲသော အကျင့်ကို ခြောက်နှစ်တိုင်တိုင်ကျင့်တော်မူ၏။ အစာကိုစားသည်ဆိုရုံလောက်သာစားသည်။ တစ်နေ့လုံးမှ သစ်သီးတစ်လုံးလောက်သာသုံးဆောင်ပြီး ပြင်းပြင်းထန်ထန် မနေမနား တရားကျင့်တော်မူသည်။ ခန္ဓာကိုယ်အသားအရေလည်း ခြောက်ကပ်သွား၏။ (၃၂)ပါးသောလက္ခဏာတော်များ ပျောက်ကွယ်၍ ဝါဝင်းသော အဆင်းတော်သည် ညိုမည်းသွား၏။ ဝမ်းဗိုက်သားနှင့်ကျောပြင်သည် ကပ်နေ၏။ အရိုးပေါ်အရေတင်ကာ မသေရုံတမည်သာ ရှိတော့သည်။ အရိုးပြိုင်းပြိုင်း၊ အကြောပြိုင်းပြိုင်းထကာနေ၏။ စကြံကြွရာ မတ်တတ်ကလဲကျ၏။

ထိုသို့(၆)နှစ်မျှကျင့်ပြီးသောအခါ ခန္ဓာကိုယ်အင်အားမရှိလျှင် တရားမရနိုင်ဟု ဆင်ခြင်တော်မူကာ ဆွမ်းခံစား၍ မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်လမ်းစဉ်အရ တရားကျင့်တော်မူပြန်သည်။ အသားအရေ စိုပြည်ဝါဝင်း၍ အားအင်ပြည့်လာ၏။ (၃၂)ပါးသောယောကျ်ားမြတ် လက္ခဏာတော်များလည်း ပြန်၍ ပေါ်လာတော့၏။ ဘုရားအလောင်း တရားကျင့်စဉ် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိအမည်ရှိသော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်လျှင် တရားဦးနာမည်ဟုမျှော်လင့်ကာ ပြုစုလုပ်ကျွေးနေကြ၏။ ဆွမ်းခံစား၍ မျှမျှတတ တရားအားထုတ်သောအခါ အလောင်းတော်အပေါ် စိတ်ပျက်အားလျော့ကာ မိဂဒါဝုန်တောသို့ ထွက်ခွါသွားကြလေသည်။

## ဗုဒ္ဓမမွေဒါနစေတနာရှင်များအဖွဲ့

ဥရုဝေလတော်အနီး သေနာခေါ်သောရွာကြီး၌ သုဇာတာ ခေါ်သော သူဌေးသမီးသည် တောင့်တတိုင်းပြည့်သောကြောင့် ကဆုန် လပြည့်နေ့ရောက်တိုင်း ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းအား နှစ်စဉ် သွားရောက်ပသမြဲဖြစ်၏။ ယခုအကြိမ် ကဆုန်လပြည့်နေ့၌လည်း ညောင်ပင်အောက်၌ ဘုရားအလောင်းထိုင်နေသည်ကို နတ်မင်း ကိုယ် ထင်ရှားပြ၍ အပူဇော်ခံသည်ဟုအောက်မေ့ကာ ဃနာနို့ဆွမ်းကို ရွှေခွက်ပါလှူဒါန်းလိုက်လေသည်။ အလောင်းတော်သည် နေရဥ္စရာမြစ် ၌ ရေသုံးသပ်ပြီး နို့ဃနာဆွမ်းကို (၄၉)လုတ်ဘုန်းပေးတော်မူကာ "ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက် စေသတည်း"ဟု အဓိဋ္ဌာန်၍ ရေ၌မျှောလေသည်။

ရွှေခွက်လည်း ရေညာသို့အတောင်ရစ်ဆယ်ခန့် ဆန်တက်ပြီးမှ နစ်မြုပ်သွားလေသည်။

ညနေချမ်းအခါ ဗောဓိညောင်ပင်ရှိရာအရပ်သို့ ကြွတော်မူ၏။ သောတ္ထိယမြက်ထမ်းသမားလှူသော မြက်ရှစ်ဆုပ်ကို အလှူခံခဲ့ပြီး အရှေ့ဘက်အရပ်မှ ဗောဓိပင်သို့ကပ်ဝင်၍ လကျာ်ရစ်သုံးပတ်လှည့်ပြီး မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းတော်မူလိုက်ရာ ဆန်းကြယ်သော "အပရာဇိတ ရတနာပလ္လင်" ဖြစ်ပေါ်လာလေသည်။ ဗောဓိပင်စည်ကိုကျောပေး လျက် အရှေ့ဘက်သို့မျက်နှာမူကာ ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ ခွေ ထိုင်နေတော်မူသည်။

"အရေ၊အကြော၊အရိုးတို့သာကြွင်းကျန်၍ အသားအသွေးတွေ ခမ်းခြောက်သွားပါစေ၊ ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ခွေကို ငါမဖျက် တော့အံ့"ဟု အဓိဋ္ဌာန်၍ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းလျက် စတုတ္ထဈာန် ဝင်စားကာ ထိုင်နေတော်မူနေ၏။

**ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့**

ဘုရားအလောင်းသည် ယနေ့ပင် ဧကန်ဖြစ်တော့မည်ဟု သိသော မာရ်နတ်သည် ဂိရိမေခလာဆင်ပြောင်ကြီးကိုတက်စီးကာ စစ်သည်အင်အားများပြားစွာ လက်နက်မျိုးစုံကိုင်စွဲလျက် လာရောက်တိုက်ခိုက်နှောက်ယှက်၏။ ဘုရားအလောင်းတော်သည် ဖြည့်ကျင့်ခဲ့သော ပါရမီတော်စွမ်းအားဖြင့် မာရ်နတ်ရန်ကို ခုခံအနိုင်ယူခဲ့လေသည်။ နေမဝင်မီမှာပင် အောင်ပွဲဆင်ခဲ့လေသည်။

ဘုရားအလောင်းတော်သည် ဝိပဿနာတရားရှုပွားတော်မူရာ ညဦးယံအချိန်၌ မိမိ သူတစ်ပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကိုလည်းကောင်း၊ **သန်းခေါင်** ယံ၌ အကြီးအသေး၊ အနီးအဝေးမဟူ နတ်မျက်**စိပမာ ထိုးဖောက်မြင်**တော်မူနိုင်စွမ်းသော "ဒိဗ္ဗစက္ခုဉာဏ်တော်" ကိုလည်းကောင်း၊ မိုးသောက်ယံ ခေါ် အရုဏ်တက်ချိန်၌ သစ္စာလေးအင်သိမြင်တော်မူကာ ကိလေသာအလုံးစုံ ကုန်ခမ်းသည့် "အာသဝက္ခယဉာဏ်" ခေါ် အရဟတ္တမဂ်ဉာဏ်တော်ကိုလည်းကောင်း ရတော်မူလေသည်။

အရဟတ္တမဂ်ဉာဏ်တော်ကို ရတော်မူသည်နှင့် တစ်ပြိုင်နက်မှာပင် သဗ္ဗညုတဉာဏ်တော်ခေါ် အလုံးစုံကို အကုန်သိမြင်သော ဉာဏ်တော်မြတ်ကိုလည်း ရပြီးဖြစ်လေတော့၏။ သက်တော် (၃၅) နှစ်အရွယ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ပင်ဖြစ်လေသည်။ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှိခိုးဦးခိုက်ပူဇော်ခြင်းကို ခံတော်မူထိုက်သော အတုအတူမရှိ သဗ္ဗညုတဉာဏရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသောအခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဝမ်းသာရွှင်ပျ ပူဇော်ကြကုန်၏။

သဗ္ဗညုတဉာဏ်တော်မြတ်၏ စွမ်းရည်သုံးပါးမှာ–

(၁) ဟောကြားရမည့် အကြောင်းအရာနှင့်စပ်လျဥ်း၍ အကြွင်းမရှိ အလုံးစုံ သိတော်မူသည်။

(၂) တရားနာယူမည့်ပုဂ္ဂိုလ်၏ သဘာဝ အခြေအနေမှန်ကိုလည်း အကြွင်းမရှိ အးလုံးသိမြင်တော်မူသည်။

(၃) ဟောပုံဟောနည်းနှင့်စပ်၍လည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

ဘုရားပွင့်တော်မူမည်ဟူသော ဗုဒ္ဓကောလာဟလသည် အနှစ်တစ်ထောင်ကပင် ကြိုတင်၍ပေါ်ထွက်နေသည်။ အစစ်တစ်ခု၊ အတုတစ်ထောင်ဟူသောစကားနှင့်အညီ အလွန်ထူးခြားမြင့်မြတ်လှသော ဘုရားဟူသောပုဂ္ဂိုလ်ထူးကို စောင့်စားနေကြစဥ် ဘုရားတု၊ ဘုရားယောင်တိတ္ထိဆရာကြီးခြောက်ဦးတို့ ပေါ်ထွက်လာသည်။ (၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) သဥ္စယဗေဠဋ္ဌပုတ္တ (၆) နိဂဏ္ဌနာဋပုတ္တတို့ဖြစ်ကြသည်။ ပညာဉာဏ်မဲ့သောလူအချို့က ကိုးကွယ်ကြလေသည်။

## တပုဿဘလ္လိကညီနောင် မုန့်ဆွမ်းဦးလှူရခြင်း

ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် သတ္တသတ္တာဟစံနေတော်မူသည်။

(၁) ပလ္လင်္ကသတ္တာဟ– ဗောဓိပင်အောက် ရွှေပလ္လင်ထက်ဝယ် (၇)ရက်ကြာ ဖလသမာပတ်ဝင်စား၍ နေတော်မူသည်။

(၂) အနိမိသသတ္တာဟ– ဗောဓိပင် အရှေ့မြောက်ဘက် (၄၈) တောင်ကွာအရပ်၌ ရပ်တော်မူကာ ပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် (၇) ရက်ဝိုင်တိုင် ကြည့်တော်မူသည်။

(၃) စင်္ကမသတ္တာဟ– ဗောဓိပင်နှင့် ရုပ်တော်မှုရာအကြား အရှေ့အနောက် အတောင် (၆၀) ရှည်သော ရတနာစင်္ကြံဝယ် (၇) ရက်လုံးလုံး စင်္ကြံကြွတော်မူသည်။

(၄) ရတနာဃရ သတ္တာဟ – ဗောဓိပင်၏ အနောက်မြောက် အတောင် (၄၀)အကွာအရပ်ရှိ နတ်တို့ဖန်ဆင်းသော ရတနာ စံကျောင်းတော်၌ (၇) ရက်တိုင်တိုင် အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည်။ ရောင်ခြည်တော်ကွန့်မြူးသည်။

(၅) အဇပါလသတ္တာဟ– ဗောဓိပင်၏အရှေ့ဘက် (၁၂၈) တောင် ဝေးသော အဇပါလခေါ် ဆိတ်ကျောင်းသမားတို့နားနေရာ ညောင်ပင်သို့ ကြွတော်မူလျက် (၇) တိုင်တိုင် ဖလသမာပတ်ဝင် စား၍နေတော်မူသည်။

(၆) မုစလိန္ဒသတ္တာဟ– ဗောဓိပင်၏အရှေ့တောင်ဘက် အတောင် (၂၀၀) ကွာ အရပ်ရှိ မုစလိန္ဒခေါ် ကျည်းပင်ပေါက်ရာအိုင်အနီး ကျည်းပင်သို့ ကြွတော်မူပြီး ဖလသမာပတ်ဝင်စားတော်မူသည်။ (၇) ရက်တိုင်တိုင် ရွာသောမိုးကြီး ရွာသွန်းသဖြင့် မြတ်စွာဘုရား အအေးဒဏ်မခံစားရစေရန် မုစလိန္ဒနဂါးမင်းသည် မိမိ ခန္ဓာကိုယ် ခုနစ်ခွေတို့ဖြင့် ဘုရားရှင်ကို ရစ်ပတ်ကာ ဦးထိပ်၌ ပါးပြင်းအုပ်မိုး၍ ပူဇော်လေသည်။

(၇) ရာဇာယတနသတ္တာသဟ– ဗောဓိပင်နှင့် အတောင် (၁၆၀) အကွာရှိရာ ဇာယတနခေါ် လင်းလွန်းပင်အောက်သို့ ကြွတော်မူပြီး (၇) ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူသည်။

**ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့**

၇ × ၇ = ၄၉ ရက်ပြည့်သောအခါ သိကြားမင်း လှူသော သျှိသျှားသီးကို ဘုဥ်းပေး၍ ဝမ်းသက်စေတော်မူပြီး နွယ်ချိုတံပူကိုဝါး၍ အနဝတတ်ရေစင်ဖြင့် မျက်နှာသစ်တော်မူ၏။ ထို့နောက်လင်းလွန်းပင် အောက်၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာတိုင်း ပေါက္ခရဝတီမြို့သား လှည်းကုန်သည်ငါးရာတို့၏ အကြီးအမှူး တပုဿနှင့်ဘလ္လိကညီနောင် တို့သည် ဘုရားရှင်ထံရောက်လာကြပြီး သကြား၊ ထောပတ်၊ ပျားရည်တို့ပေါင်းစပ်၍ မုန့်မှုန့်နှင့်ဆုပ်ထားသော မုန့်ဆုပ်ကို ကပ်လှူ လေသည်။

ဘုရားရှင်သည် ထိုအဟာရကို ဘုဥ်းပေးတော်မူပြီး တရားဟော တော်မူ၏။ ဘုရားနှင့်တရား သရဏဂုံနှစ်ပါးကို ပထမဆုံး ကိုးကွယ် စည်းကပ်ရသော ဒွေဝါစိက သရဏဂုံဥပါသကာများဖြစ်ကြလေသည်။ အမြဲကိုးကွယ်ဖို့ရန်အတွက် ဆံတော်များကို ချီးမြှင့်တော်မူ၏။ ကုန် သည်ညီနောင်တို့သည် ဥက္ကလာတိုင်းသို့ပြန်ရောက်သောအခါ သိင်္ဂုတ္တရ ကုန်းတော်၌ တိကုမ္ဘမည်သော စေတီတည်၍ဆံတော်မားကို ဌာပနာ ကာ ကိုးကွယ်ကြလေသည်။ တပုဿနှင့်ဘလ္လိကတို့မှာ မြန်မာတိုင်းရင်း သားများဖြစ်ကြသည်။ ဤသာသနာတော်တွင် ဘုရားရှင်ကို အဦးဆုံး ဖူးတွေ့ရသူ၊ ဆွမ်းဦးလှူရသူ၊ သရဏဂုံ အဦးဆုံးဆောက်တည်ရသူ၊ ဆံတော် ချီးမြှင့်ခံရသူ၊ စေတီတည် ကိုးကွယ်ရသူဟူ၍ ဦး(၅)ဦး ဂုဏ်ထူးဖြင့် ဗုဒ္ဓသာသနာ စတင်ရာ နိုင်ငံမှာ မြန်မာနိုင်ငံဖြစ် လေသည်။

**ဗုဒ္ဓမမ္မဒါနစေတနာရှင်များအဖွဲ့**

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

မြတ်စွာဘုရားသည် ရာဇာယတနသတ္တာဟပါလမှ ညောင်ပင်သို့ ချဉ်းကပ်တော်မူပြီး မိမိသိမြင်ခဲ့သောတရားတော်ကို ဆင်ခြင်သုံးသပ်တော်မူသောအခါ မိမိကိုယ်တော်အတွက်မှာမူ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးဖြစ်၍ ပြုဖွယ်ကိစ္စအားလုံးပြီးဆုံးပြည့်စုံပြီဖြစ်သည်။ သို့သော်လည်း သုမေဓာရသေ့ဘဝက ကြုံးဝါးခဲ့သော-

ဗုဒ္ဓေါဗောဓေယျံ- ငါသိသလို သတ္တဝါတို့ကိုလည်းသိစေရမည်။

မုတ္တောမောစေယျံ- ငါလွတ်သလို သတ္တဝါတို့ကိုလည်း လွတ်စေရမည်။

တိဏ္ဏောတာရေယျံ- သံသရာမှ ငါကူးမြောက်သလို သတ္တဝါတို့ကိုလည်း ကူးမြောက်စေရမည်။ ဟူသော ကြုံးဝါးချက်အရ ငါသိသည့်အတိုင်း ဝေနေယျသတ္တဝါတို့အား တရားဟောရန်အချိန်တန်ပေပြီ။ သို့သော် ငါသိသောတရားကား ခက်ခဲနက်နဲသိမ်မွေ့၏။ သိမြင်နိုင်ခဲ၏။ ကမ္ဘာလောကရှိသတ္တဝါတို့ကား လောဘ၊ ဒေါသ၊မောဟဖုံးကာငါ့တရားကိုနားလည်ကြမည်မဟုတ်ဘ်။ တရားဟောလျှင် ငါသာလျှင် ပင်ပန်းရုံရှိတော့မည်"ဟု အောက်မေ့ကာ တရားမဟောဘဲ အေးချမ်းစွာနေရန် အကြံဖြစ်တော်မူ၏။

ထိုအကြံကို သဟမ္ပတိဗြဟ္မာကြီးသိသဖြင့် တရားဟောတော်မူရန် တောင်းပန်လျှောက်ထား၏။ တရားဟောရန် တောင်းပန်ရခြင်းသည် ဘုရားရှင်တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာတည်း။ တောင်းပန်၍ ဟောရခြင်းသည် တရားတော်ဂုဏ်တက်၏။ ထိုခေတ်ထိုအခါက တစ်လောကလုံးက ဘုရားအဖြစ်ကိုးကွယ်နေကြသော ဗြဟ္မာကြီးကိုယ်တိုင် ဦးညွှတ်တောင်းပန်ရသည်ဖြစ်၍ ဘုရားရှင်တရားသည် သာ၍

## သာသနာပြုစေလွှတ်တော်မူခြင်း

မြတ်စွာဘုရာ မိဂဒါဝုန်တော်၌ ဝါကပ်တော်မူစဉ် ဗာရာဏသီ သူဌေးနှင့် သုဇာတာတို့၏သား ယသသတို့သားသည် ချမ်းသာစွာ ကာမဂုဏ်ခံစားနေရာမှ ထိတ်လန့်တုန်လှုပ်ပြီး မိဂဒါဝုန်သို့ ထွက်လာခဲ့ သည်။ ဘုရားရှင် တရားဟောရာ သောတာပန်တည်၏။ မနက်မိုးလင်း ၍ သားပျောက်ရှာထွက်လာသော ဖခင်ကြီးအား တရားဟောပြန်ရာ သူဌေးကြီးသောတာပန်တည်၍ ယသမှာမူ ရဟန္တာဖြစ်သွားလေသည်။ နောက်တစ်နေ့တွင် ဘုရားရှင်နှင့် ယသထေရ်တို့သည် အိမ်သို့ကြွ ရောက်ပြီး ဆွမ်းဘုဉ်းပေးကာ တရားဟောရာ သုဇာတာနှင့် ယသ ဇနီးဟောင်းတို့ သောတာပန်တည်ကြကုန်၏။ သူဌေးကြီးဇနီးမောင်နှံ နှင့် ယသဇနီးသည်တို့သည် ဘေဝါဓိက သရဏဂုံ သုံးပါးဆောက် တည်ရသူ အဦးဆုံးသူများ ဖြစ်ကြလေသည်။ ယသသူဌေးသား ရဟန်းပြုသည့် သတင်းကိုကြားရသောအခါ ယသလိုပုဂ္ဂိုလ်မျိုး ဝင် ရောက်သော သာသနာတော်သည် အမှန်တကယ် မြင့်မြတ်ကောင်းမွန် ၍သာ ဖြစ်ရမည်ဟု ဆုံးဖြတ်ကြပြီး ယသ၏သူငယ်ချင်း ငါးကျိပ် လေးဦး (၅၄ ဦး)တို့ ရဟန်းဘောင်သို့ ဝင်ရောက်လာကြလေသည်။

ထိုအချိန်မှစ၍ ဉာကမ္ဘာလောကကြီး၌ မြတ်စွာဘုရားနှင့်တကွ ကိလေသာ အာသဝေါကုန်ခမ်းသော ရဟန္တာခြောက်ကျိပ်၊ စုစုပေါင်း ခြောက်ကျိပ်တစ်ပါး ထင်ရှားဖြစ်ပေါ်တော်မူလာလေသည်။ ဧဟိဘိက္ခု ရဟန်းများချည်းဖြစ်ကုန်၏။ "ချစ်သား လာလော့"ဟု ခေါ်ရုံမျှဖြင့် လူ့အသွင်ပျောက်ကာ ရဟန်းအသွင်ရောက်လာသူများ ဖြစ်လေသည်။

**ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့**

(၃) ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကိုပေးသောအခါ၊ ယူသောအခါတို့၌ အလွန်သေးငယ်သော အရာဝတ္ထုကိုပင် ဖြစ်စေကာမူလက်နှစ်ဘက်ဖြင့် ပေးရယူရမည်။

(၄) ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီး သူတို့အနီး၌ ထိုင်သောအခါ မြင့်သောနေရာ၊ မြတ်သောနေရာ၊ ခေါင်းရင်းနေရာတို့၌ မထိုင်ရ။

(၅) မီးရထား၊ ကား၊ သင်္ဘောများပေါ်တွင် ရဟန်းသံဃာနှင့် အိုမင်းမစွမ်းသောလူပုဂ္ဂိုလ်များ၊ သာသနာ့ဝယ်ဝင် သီလရှင်များအား နေရာပေးလှူရမည်။ ထိုပုဂ္ဂိုလ်တို့နှင့် နေရာလုယက်၍ မထိုင်ရ။

(၆) ရဟန်းသံဃာ၊ ဆရာမိဘတို့ ကျိန်းစက် အိပ်ပျော်နေသည့်အခါ ထိုသူတို့၏အနီး၌ ခြေသံမကြားအောင် ခြေကို ဖော့နင်းလျှက်သွားရမည်။

(၇) ရဟန်းသံဃာနှင့် သာသနာ့ဝယ်ဝင် သီလရှင်များအား လက်ဆွဲနှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ၊ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

(၈) အမျိုးသမီးများသည် မလုံခြုံ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားဆင်ယင်၍ ရဟန်းသံဃာကော်မျာ၊ လူကြီးသူမများထံ သွားလာဝင်ထွက်ခြင်းမပြုရ။

**ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့**

